# သဘောတူစာချုပ် မူကြမ်း

| | |
|---|---|
| သို့- | ပညာရေး သဘာပတိများ၊ သက်ဆိုင်သူများ၊ Vermont ကြီးကြပ်ရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းဘုတ်အဖွဲ့များ |
| မှ- | အတွင်းရေးမှူးဖြစ်သူ Bouchey |
| အကြောင်းအရာ- | 2023 ခုနှစ်၊ အက်ဥပဒေ 29၊ ပုဒ်မ 4 နှင့်အညီ ထုတ်ပြန်ထားသော မူဝါဒဆိုင်ရာ သက်ဆိုင်သူ လုပ်ငန်းစဉ်နှင့် စံမူဝါဒ ရလဒ်များ |
| ရက်စွဲ- | November 7, 2023 |

## နောက်ခံသမိုင်းကြောင်း

ကျောင်းဘေးကင်းရေးနှင့် စပ်လျဉ်းသည့် အက်ဥပဒေတစ်ခုဖြစ်သည့် 2023 ခုနှစ်၊ အက်ဥပဒေ 29 ပါ ပုဒ်မ 4 အရ ပညာရေးအေဂျင်စီ (AOE) သည် သက်ဆိုင်သူအဖွဲ့များနှင့် တိုင်ပင်၍ အပြုအမူပိုင်းဆိုင်ရာ အန္တရာယ်ကျရောက်မှု အကဲဖြတ်ရေး အသင်းအဖွဲ့များကို အသုံးပြုခြင်းနှင့် ပတ်သက်ပြီး စံမူဝါဒနှင့် လုပ်ထုံးလုပ်နည်းတစ်ခုကို ရေးဆွဲရန် လိုအပ်ပါသည်။ အေဂျင်စီသည် ပြည်နယ်တစ်ဝန်းရှိ ကျောင်းများတွင် အပြုအမူပိုင်းဆိုင်ရာ အန္တရာယ်ကျရောက်မှု အကဲဖြတ်ရေး အသင်းအဖွဲ့များ (BTATs) အား အသုံးပြုမှုကို ဆွေးနွေးရန်အတွက် နယ်ပယ်အသီးသီးမှ သက်ဆိုင်သူများနှင့်အတူ သီးခြား အစည်းအဝေးငါးခုကို စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခြောက်ပတ်ကျော်ကြာအောင် ဦးဆောင်ကျင်းပခဲ့ပါသည်။

## ရည်ရွယ်ချက်

အစည်းအဝေးငါးကြိမ်တာကာလအပြီးတွင် အေဂျင်စီသည် အဖွဲ့၏ စကားဝိုင်းများကို ဦးဆောင်ဆွေးနွေးကြသူများစွာထံမှ ပြောကြားသည်များကို ကြားသိခဲ့သည်။ တင်ဆက်သူများတွင် ကျောင်းဘေးကင်းရေးနှင့် BTAT အရေး ကျွမ်းကျင်သူနှင့် K-12 ပညာရေး၊ နိုင်ငံသား ရပိုင်ခွင့်များအပြင် ကျောင်းများရှိ စံမူဝါဒများကို ရေးဆွဲရာတွင်နှင့် အကောင်အထည်ဖော်ရာတွင် ကျွမ်းကျင်သည့် သက်ဆိုင်သူများ ပါဝင်ပါသည်။

အဖွဲ့၏ ရည်ရွယ်ချက်မှာ BTAT များနှင့် ပတ်သက်သည့် စွန့်စားမှုများနှင့် စိန်ခေါ်မှုများအကြောင်း အပြန်အလှန် ဆွေးနွေးခြင်းကို တိုက်တွန်းအားပေးရန် ဖြစ်ပါသည်။ ဤဆွေးနွေးပွဲများသည် ကျောင်းစနစ်များ (ဆိုလိုသည်မှာ- ကြီးကြပ်ရေး သမဂ္ဂ/ကျောင်းခရိုင် [SU/SD များ] နှင့် အမှီအခိုကင်းသော ကျောင်းများ) တွင် BTAT များ အသုံးပြုမှုကို ထိန်းချုပ်ရန်အတွက် ခိုင်မာသော စံမူဝါဒကို ရေးဆွဲနိုင်ရန် အေဂျင်စီအား အကူအညီဖြစ်စေပြီး တစ်ဖက်တွင်လည်း ဥပဒေဘောင်တွင်း ဖြစ်စေရေးနှင့် အကောင်းဆုံး ကျင့်သုံးဆောင်ရွက်မှု ဖြစ်စေရေးကို အလေးပေးသည်။ အဖွဲ့သည် ကျောင်းသားအားလုံး၊ အထူးသဖြင့် သမိုင်းကြောင်းအရ ဖယ်ကြဉ်ခံရသော ကျောင်းသားများသည် ၎င်းတို့ပညာသင်ကြားစဉ် ဘေးကင်းလုံခြုံမှု၊ လှိုက်လှဲစွာကြိုဆိုမှုနှင့် လေးစားမှုကို ခံစားရကြောင်း သေချာစေရန်အတွက် ဘုံမျှော်မှန်းချက်နှင့် ကတိကဝတ်တို့ကို မျှဝေခဲ့ပါသည်။

### သက်ဆိုင်သူအဖွဲ့

- ပညာရေးအေဂျင်စီ – Ted Fisher၊ Lindsey Hedges၊ Jill Briggs Campbell၊ Emily Simmons
- အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ညွှန်ကြားရေးမှူး – Dee Barbic
- Vermont ကျောင်းဘေးကင်းရေးစင်တာ – Sunni Erikson၊ Rob Evans
- ပြည်နယ်ပညာရေးဘုတ်အဖွဲ့ – Richard Werner
- လူ့အခွင့်အရေးကော်မရှင် – Amanda Garces
- လူမျိုးရေးဆိုင်ရာ တရားမျှတမှုရုံး – Jay Greene၊ Xusana Davis

- ခုခံချေပရေး ရှေ့နေချုပ်ရုံး (လူငယ်) – Marshall Pahl
- Vermont ကျောင်းအုပ်များအသင်း – Jay Nichols
- Vermont ကြီးကြပ်ရေးမှူးများအသင်း – Jeff Francis
- Vermont ကျောင်းဘုတ်အဖွဲ့များအသင်း – Sue Ceglowski၊ Cara Zimmerman
- Vermont နိုင်ငံတော် ဆရာ/ဆရာမများအသင်း – Donald Tinney
- Vermont ကျောင်းဘုတ်အဖွဲ့များ အာမခံအုပ်ထိန်းရေး – Jonathan Steiner၊ David Pickel
- Vermont ဥပဒေရေးရာ အကူအညီ – Barb Prine
- Vermont သီးခြားလွတ်လပ်သော ကျောင်းအသင်းအဖွဲ့ – Drew Gradinger
- Rutland NAACP – Mia Schultz
- Gedakina – Judy Dow
- Vermont ဆရာ/ဆရာမများ – Brooke Olsen Farrel၊ David Manning၊ Henri Sparks၊ Theresa Giallorenzo၊ Becca McCray၊ Kate Paxton

## စံမူဝါဒအကြောင်း အကျဉ်းချုပ်

ဤမူဝါဒသည် ကျောင်းသားများနှင့် ဝန်ထမ်းများအတွက် ဘေးကင်း၊ လုံခြုံသော သင်ယူလေ့လာမှု ပတ်ဝန်းကျင်တစ်ရပ်ကို ဖန်တီးရန် ရည်ရွယ်ပါသည်။ ၎င်းသည် စာသင်ကျောင်း၊ ကျောင်းပရဝုဏ် သို့မဟုတ် လုပ်ငန်းခွင်အပေါ် အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသည့် အပြုအမူများကို အကဲဖြတ်ပြီး ကိုင်တွယ်ထိန်းချုပ်ရန် အစီအစဉ်တစ်ခုကို ချမှတ်ထားသည်။ လူတိုင်းအတွက် ဘေးကင်းလုံခြုံမှုရှိပြီး လေးစားမှုနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးကြောင်း သေချာစေရန် မျှော်မှန်းထားပါသည်။

ဘက်လိုက်မှုမရှိစေရန် လူတစ်ဦး၏ ပုဂ္ဂိုလ်ရေး လက္ခဏာများပေါ် မဟုတ်ဘဲ ၎င်း၏အပြုအမူပေါ် မူတည်၍ အကဲဖြတ်သည်။ အထူးသဖြင့် သမိုင်းကြောင်းအရ ဖယ်ကြဉ်ခံရသော ကျောင်းသားများက မျှတမှုမရှိသည့် အပျက်သဘောဆောင်သော ရလဒ်များကို ရင်ဆိုင်တွေ့ကြုံရကြောင်း အချက်အလက်များက ပြသသည့်အခါ ဘက်လိုက်ခြင်းကို တုံ့ပြန်ဖြေရှင်းရန် အရေးပါမှုကို မူဝါဒတွင် အသိအမှတ်ပြုထားသည်။

အန္တရာယ်ကျရောက်မှုဆိုင်ရာ အကဲဖြတ်ခြင်းသည် ကျောင်းသားအား ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်သို့ ပို့ခြင်းဟု မဆိုလိုဘဲ ကျောင်းသားသည် ၎င်းလိုအပ်သည့် အကူအညီကို လက်ခံရရှိနေကြောင်း သေချာစေရန် အရင်းအမြစ်များကို ပံ့ပိုးပေးခြင်းဟု ဆိုလိုကြောင်း မူဝါဒတွင် ရှင်းလင်းထားသည်။ ကျောင်းအသိုင်းအဝိုင်းကို ကာကွယ်ရန်အတွက် ထိုသို့လုပ်ဆောင်ရန် မလိုအပ်လျှင် ကျောင်းခဏနားစေခြင်း သို့မဟုတ် ကျောင်းထုတ်ခြင်းကို ပြုလုပ်မည်မဟုတ်ပါ။ ကျောင်းသားအား ဖယ်ထုတ်သည့်အခါ ချက်ချင်းလက်ငင်း သို့မဟုတ် နှောင့်နှေးသော အကြမ်းဖက်တုံ့ပြန်မှုများက အန္တရာယ်ဖြစ်နိုင်သောကြောင့် ပံ့ပိုးကူညီမှုကို မရှိမဖြစ် လိုအပ်သည်။ ကျောင်းသားတစ်ဦးကို ဖယ်ထုတ်ရန် အကြံပြုထောက်ခံပါက ၎င်းကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်။

အန္တရာယ်ကျရောက်မှုဆိုင်ရာ အကဲဖြတ်ရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းမှုအကြောင်းကိုလည်း မူဝါဒတွင် ဖော်ပြထားသည်။ အဖွဲ့ရှိ အဖွဲ့ဝင်များတွင် ဆွေးနွေးအကြံပေးခြင်း၊ ဥပဒေစိုးမိုးရေးနှင့် ကျောင်းစီမံခန့်ခွဲရေးကဲ့သို့ ကျွမ်းကျင်မှုနယ်ပယ်အသီးသီးရှိ အဖွဲ့ဝင်များ ပါဝင်သည်။ အဖွဲ့သည် ခြုံငုံ၍ကောက်ချက်ချခြင်းထက် အချက်အလက်များကို အသုံးပြု၍ အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသော အပြုအမူကို အကဲဖြတ်ပြီး ကိုင်တွယ်ထိန်းချုပ်သည်။ လူတိုင်းအတွက် ဘေးကင်းလုံခြုံ၍ ပံ့ပိုးကူညီမှုပေးသော ပတ်ဝန်းကျင်တစ်ရပ် ဖော်ဆောင်ခြင်းကို ဦးစားပေးသည်။ အဖွဲ့တွင် ကျောင်းသားတစ်ဦးကို ကျောင်းမှဖယ်ထုတ်ပိုင်ခွင့် မရှိပါ။ ကျောင်းသားတစ်ဦးကို ဖယ်ထုတ်ရန် ဆုံးဖြတ်ချက်ကို ကျောင်း၏မူဝါဒများနှင့်အညီ ကြီးကြပ်ရေးမှူး သို့မဟုတ် ကျောင်းအုပ်ကြီးက ချမှတ်သည်။ အထူးပညာရေး သို့မဟုတ် ပုဒ်မ 504 ကျောင်းသားများ ပါဝင်ပတ်သက်သော အမှုကိစ္စများတွင် အဖွဲ့သည် ကျောင်းသား၏ တစ်ဦးချင်း ပညာရေး အစီအစဉ် (IEP) သို့မဟုတ် 504 အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်သည်။

မူဝါဒသည် အဖွဲ့ဝင်များအား ကိုယ်ရေးလုံခြုံမှုဆိုင်ရာ ဥပဒေများနှင့်အညီ လိုအပ်သလို ကျောင်းသားမှတ်တမ်းများကို ဝင်ရောက်ကြည့်ရှုခွင့်ပြုသည်။ အန္တရာယ်ကျရောက်မှုဆိုင်ရာ အကဲဖြတ်ခြင်း လုပ်ဆောင်စဉ် ရေးသားဖန်တီးထားသော မှတ်တမ်းများကို ကျောင်းသား၏

အမြဲတမ်းပညာရေးမှတ်တမ်းတွင် မထည့်သွင်းပါ။ အန္တရာယ်ကျရောက်စေမှုကို မတွေ့ရှိရသည့်အခါတွင်လည်း မှတ်တမ်းတင်ရန် အဖွဲ့အား တိုက်တွန်းသည်။

ကြီးကြပ်ရေးမှူးသည် အန္တရာယ်ကျရောက်မှု အကဲဖြတ်ခြင်း အစီအစဉ်နှင့်သက်ဆိုင်သော အချက်အလက် စုဆောင်းခြင်းနှင့် အစီရင်ခံခြင်းအတွက် လုပ်ထုံးလုပ်နည်းများကို ချမှတ်ပါမည်။ ဤအချက်အလက်တွင် အဖွဲ့နှင့်ပတ်သက်သော အချက်အလက်များ၊ အကဲဖြတ်ချက်များနှင့် ပြန်လည်သုံးသပ်ချက်များ၏ အရေအတွက်၊ ကျောင်းသား၏ အသေးစိတ်အချက်အလက်များနှင့် အကဲဖြတ်ချက်ရလဒ်များ ပါဝင်ပါမည်။ အချက်အလက်စုဆောင်းခြင်းနှင့် အစီရင်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသည် လုပ်ငန်းစဉ်တွင် ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် တရားမျှတမှုရှိကြောင်းသေချာစေရန် ရည်ရွယ်သည်။

## သက်ဆိုင်သူများအတွက် လုပ်ငန်းစဉ် မူဝါဒဆိုင်ရာ အကြောင်းအရာများ

အောက်ပါအကြောင်းအရာများကို သက်ဆိုင်သူများက ခွဲခြားဖော်ထုတ်ပြီး စံမူဝါဒဖြင့် ကိုင်တွယ်ဖြေရှင်းသည်-

**လေ့ကျင့်သင်ကြားပေးခြင်း-** ဆရာ/ဆရာမများသည် အကွက်ကိုသာ အမှန်ခြစ်ခြင်းမဟုတ်ဘဲ ၎င်းတို့လိုအပ်သည့် ကျွမ်းကျင်မှုများကို ဆည်းပူးကြောင်း သေချာစေကာ ဆက်လက်လုပ်ဆောင်နေသော အဓိပ္ပာယ်ပြည့်ဝသည့် လေ့ကျင့်သင်တန်းပေးခြင်းကို အသားပေးဖော်ပြခဲ့သည်။ BTAT အဖွဲ့နှင့် တိုက်ရိုက်ပါဝင်ပတ်သက်သူများသာမကဘဲ ကျောင်းအသိုင်းအဝိုင်းအတွင်းရှိ လူတိုင်းသည် လုပ်ငန်းစဉ်ကို နားလည်ကြောင်း သေချာအောင်ဆောင်ရွက်ပုံနှင့်ပတ်သက်၍ ဆွေးနွေးမှုလည်း ပြုလုပ်ခဲ့သည်။

**BTAT လုပ်ငန်းစဉ်ပေါင်းစပ်ခြင်း-** BTAT လုပ်ငန်းစဉ်သည် လက်ရှိ ကျောင်းသား ပံ့ပိုးကူညီမှုများကို ဖြည့်စွက်သင့်ပြီး ထပ်မလုပ်သင့် သို့မဟုတ် အစားမထိုးသင့်ဘဲ ကျောင်းသားတစ်ဦးချင်းစီ၏ သီးသန့်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် လိုက်လျောညီထွေမှုရှိသင့်သည်။

**BTAT မှတ်တမ်းထိန်းသိမ်းခြင်း-** BTAT လုပ်ငန်းစဉ်များသည် အထူးသဖြင့် လုပ်ငန်းစဉ်က ကနဦးအကဲဖြတ်အဆင့်ထက် ကျော်လွန်မသွားခဲ့သည့်အခါ လူငယ် တရားစီရင်ရေးစနစ်ကဲ့သို့အခြားဆက်စပ်အခြေအနေများတွင် တလွဲအသုံးပြုစေမည့် သို့မဟုတ် အဓိပ္ပာယ်ကောက်လွဲစေမည့် ကျောင်းသားမှတ်တမ်းများကို ဖန်တီးခြင်းနှင့် အသုံးပြုခြင်းကို မပြုလုပ်သင့်ကြောင်း စိုးရိမ်မှုများကို တင်ပြထားသည်။

**လျှို့ဝှက်ထားရှိမှု-** သက်ဆိုင်သူများသည် မှတ်တမ်းများနှင့် အချက်အလက်များကို မှန်ကန်စွာ စီမံခန့်ခွဲကြောင်းနှင့် အန္တရာယ်ကျရောက်စေမှုကို မတွေ့ရှိသည့်အခါ အစီရင်ခံစာများကို ဖယ်ရှားရန် နည်းလမ်းတစ်ခုရှိကြောင်း သေချာစေလိုခဲ့သည်။

**ဥပဒေစိုးမိုးရေး-** ကျောင်းရင်းမြစ်ခန့်ခွဲရေးအရာရှိများ (SRO များ) သည် သမိုင်းကြောင်းအရ ဖယ်ကြဉ်ခံရသည့်အုပ်စုများမှ ကျောင်းသားများအပေါ် မမျှတသော သက်ရောက်မှုတစ်ခု ဖြစ်စေနိုင်ခဲ့သည့်အပေါ် သက်ဆိုင်သူများက စိုးရိမ်ပူပန်ကြောင်း ဖော်ပြခဲ့ကြသည်။ SRO များ ပါဝင်ပတ်သက်သင့်သည့်အချိန်၊ ပါဝင်ပတ်သက်သင့်/မသင့်ကို  အလေးပေးရှင်းပြခဲ့သည့်အပြင် ရဲအရာရှိများနှင့်အတူ MOU များ ပါဝင်ပတ်သက်လာသည့်အခါ လိုက်နာရမည့် သီးခြားစည်းမျဉ်းများကို ချမှတ်ခဲ့သည်။

**သင်ကြားရေးပတ်ဝန်းကျင်မှ ဖယ်ထုတ်သော စည်းကမ်းထိန်းသိမ်းမှု-** BTAT သည် သင်ကြားရေးပတ်ဝန်းကျင်မှ ဖယ်ထုတ်သော စည်းကမ်းထိန်းသိမ်းမှုမျိုး ပြုလုပ်မည်ကို စိုးရိမ်ကြောင်း သက်ဆိုင်သူများက ထုတ်ဖော်ပြောကြားခဲ့သည့်အပြင် လက်ရှိ BTAT ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ကျောင်းသားများက ၎င်းတို့ရပိုင်ခွင့်ရှိသော ပညာရေးကို ဆက်လက်သင်ကြားနိုင်ကြောင်း သေချာစေလိုခဲ့သည်။

## အနာဂတ်လမ်းညွှန်မှု၊ လေ့ကျင့်သင်တန်းပေးခြင်းနှင့် နည်းပညာပံ့ပိုးမှု

ကျောင်းစနစ်များသည် ၎င်းတို့၏ BTAT ကို ဇူလိုင်လ 2025 ခုနှစ်အထိ ဖွဲ့စည်းရန် မလိုအပ်ပါ။ ကြားဖြတ်ကာလအတွင်း အေဂျင်စီသည် အများပြည်သူဘေးကင်းရေးဌာနနှင့် တိုင်ပင်ပြီး အထက်ဖော်ပြပါ အကောင်းဆုံးကျင့်ထုံးများနှင့် လေ့ကျင့်သင်တန်းပေးခြင်းနှင့် ဆက်စပ်သော

လမ်းညွှန်ချက်များကို ပြုစုပြီး မွမ်းမံမည်ဖြစ်သည်။ အက်ဥပဒေ 29 အရ AOE သည် သက်ဆိုင်သူများနှင့် ထိတွေ့ဆောင်ရွက်စဉ် ပေါ်ပေါက်လာသည့် စိုးရိမ်ပူပန်စရာကိစ္စများကို ထည့်သွင်းစဉ်းစားကာ အဆိုပါလုပ်ဆောင်ချက်များကို ဦးဆောင်မည်ဖြစ်သည်။

ထို့အပြင် အက်ဥပဒေ 29 တွင် လက်ရှိ BTAT သည် ဒီဇင်ဘာလ၌ အေဂျင်စီမှ ထုတ်ပြန်သော နောက်ဆုံးစံမူဝါဒနှင့်အညီ ၎င်းတို့၏လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရမည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ ယင်းသည် လက်ရှိ BTAT အသုံးပြုသူများကို ၎င်းတို့၏အဖွဲ့များအား 2024-2025 စာသင်နှစ်အတွက် အကောင်းဆုံးကျင့်ထုံးများဖြင့် ချိန်ညှိဆောင်ရွက်နိုင်စေမည်ဖြစ်သည်။

အက်ဥပဒေ 29၊ ပုဒ်မ 4 တွင် BTAT အဖွဲ့ဝင်များအား အကောင်းဆုံးကျင့်ထုံးများကို သိရှိနားလည်စေပြီး ဘက်လိုက်မှုအား ခွဲခြားဖော်ထုတ်၍ ပပျောက်အောင် လုပ်ဆောင်နိုင်စေရန်အတွက် နှစ်စဉ်သင်တန်းပေး၍ လေ့ကျင့်သင်ကြားစေရန် သတ်မှတ်ထားသည်။ ဤသင်တန်းများတွင် ပါဝင်သည်မှာ-

- သင်ကြားမှုပတ်ဝန်းကျင်မှ ဖယ်ထုတ်ခြင်းဆိုင်ရာ စည်းကမ်းထိန်းသိမ်းမှုကို လွှမ်းမိုးသည့် စည်းမျဉ်းများ (CVR 22-000-009)
- ကျောင်းသား၏အပြုအမူက သူ၏မသန်စွမ်းမှုကြောင့်ဟုတ်၊ မဟုတ် ဆုံးဖြတ်သုံးသပ်ခြင်း လုပ်ငန်းစဉ်၏ ရည်ရွယ်ချက်၊ ၎င်းအား အသုံးပြုမှုနှင့် သင့်လျော်စွာ အကောင်အထည်ဖော်မှု
- 1973 ခုနှစ် ပြန်လည်ထူထောင်ရေး အက်ဥပဒေ၏ ပုဒ်မ 504
- 1990 ခုနှစ် မသန်စွမ်း အမေရိကန်လူမျိုးများ အက်ဥပဒေ
- ကျောင်းမှ ဖယ်ထုတ်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများ
- စိတ်ဒဏ်ရာရမှု၏ ဦးနှောက်ဖွံ့ဖြိုးမှုအပေါ် အကျိုးသက်ရောက်မှု
- သီးခြားကျောင်းစနစ်ရှိ BTAT တစ်ခု၏ တာဝန်များဆောင်ရွက်မှုအပေါ် ဦးစားပေးသော အုပ်စုတွင်းဘက်လိုက်မှုဆိုင်ရာ အသိပညာပေးသင်တန်း

ဤစာသင်နှစ် (2023-2024) မှစ၍ အေဂျင်စီသည် လက်ရှိ BTAT ကို အသုံးပြုနေသော ကျောင်းစနစ်များမှ အချက်အလက်များကို စတင်စုဆောင်းနေပြီဖြစ်သည်။ နောက်ထပ်ကျောင်းစနစ်များကလည်း ၎င်းတို့၏အဖွဲ့များကို စတင်အကောင်အထည်ဖော်နေသည်နှင့်အမျှ အချက်အလက်စုဆောင်းမှုသည် ပြည်နယ်လုံးဆိုင်ရာ အတိုင်းအတာအထိ ကြိုးပမ်းမှုတစ်ခုအဖြစ် ကြီးထွားလာပါမည်။ ဤအချက်အလက်များဖြင့် အေဂျင်စီသည် အလားအလာများကို အကဲဖြတ်နိုင်ပြီး လမ်းညွှန်မှုနှင့် လေ့ကျင့်သင်တန်းပေးခြင်းတွင် လိုအပ်သလို နောက်ထပ်ပြင်ဆင်မွမ်းမံမှုကို ပြုလုပ်နိုင်ပါမည်။

ဤအရေးကြီးသော လုပ်ငန်းစဉ်ကို မြှင့်တင်ရန်နှင့် တိုးတက်စေရန် အချိန်ပေး၍ သက်ဆိုင်ရာ ကျွမ်းကျင်မှုများဖြင့် ဆောင်ရွက်ပေးခဲ့ကြသော ကျွန်ုပ်တို့၏ တန်ဖိုးရှိမိတ်ဖက်များ၏ ပံ့ပိုးမှုများကို အေဂျင်စီက ကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့သည် BTAT လုပ်ငန်းစဉ်ကို ပြည်နယ်အနှံ့ တိုးချဲ့ဆောင်ရွက်ရန် ကြိုးပမ်းဆောင်ရွက်နေသည်နှင့်အမျှ အေဂျင်စီသည် လက်ရှိထိတွေ့ဆောင်ရွက်မှုကို ရေရှည်အကောင်အထည်ဖော်မည်ဟု ကတိပြုပါသည်။